# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ(ပြင်ဆင်ဖြည့်စွက်ချက်)

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ရက်

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ၂၀-၂-၂၀၁၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ထိုအစီရင်ခံစာတွင် ဥပဒေကြမ်း၏နောက်ဆက်တွဲဇယားများကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန်တင်ပြခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အစီရင်ခံစာတွင် ထပ်မံဖြည့်စွက်လိုသည့်အချက်များအပေါ် ၃-၃-၂၀၁၇ ရက်နှင့် ၅-၃-၂၀၁၇ရက်များတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။

## ထပ်မံလေ့လာတွေ့ရှိချက်များ

၂။ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့သည် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ပြုန်းတီးမှုမရှိစေရန်နှင့် တိကျခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်စေရန်အတွက် လုပ်ငန်းစီမံကိန်းအချို့ကို ပြန်လည်စိစစ်လေ့လာခဲ့ပါသည်။ ထိုသို့ စိစစ်လေ့လာခဲ့ရာတွင် နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစီမံကိန်းများဖြစ်စေရန် ရည်ရွယ်၍ လုပ်ငန်းစီမံကိန်း (၅၂)ခုတို့ကို ထပ်မံလေ့လာစိစစ်ခဲ့ကြပါသည်။

၃။ လုပ်ငန်းစီမံကိန်းများ၏ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမှု၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် အထောက်အကူပြုမှုနှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်ရလဒ်ဖြစ်ထွန်းမှုတို့အပေါ် အခြေပြု၍ အောက်ပါလုပ်ငန်းစီမံကိန်းအမျိုးအစား(၃)ရပ်အဖြစ် ခွဲခြားစိစစ်နိုင်ခဲ့ပါသည်-

(က) **လတ်တလောရပ်ဆိုင်းထားသင့်သည့်လုပ်ငန်းစီမံကိန်းများ။** အောက်ဖော်ပြပါ လုပ်ငန်းစီမံကိန်းများအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှုများအပေါ်မှ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်မှုမရှိခြင်းနှင့် စီးပွားရေးအရတွက်ချေကိုက်မှု မရှိခြင်းတို့ကြောင့် ပြန်လည်သုံးသပ်နိုင်ရန် လတ်တလော ရပ်ဆိုင်းထားပြီး စနစ်တကျလေ့လာသုံးသပ်ပြီးမှသာ တွေ့ရှိချက်များအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

**စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

(၁) အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)၊

(၂) အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)၊

(၃) အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)၊

(၄) အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)၊

(၅) အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၊

(၆) အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၊

**စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

(၇) အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)၊

(၈) ရော်ဘာပစ္စည်းစက်ရုံခွဲ(သဃ်န်းကျွန်း)၊

(၉) အမှတ်(၂၃)အကြီးစားစက်ရုံ(ညောင်ခြေထောက်)၊

(၁၀) အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)၊

(၁၁) အမှတ်(၂၆)အကြီးစားစက်ရုံ(သာဂရ)၊

(၁၂) အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း)၊

(၁၃) မီးခံဘိလပ်မြေပြား(မှော်ဘီ)၊

(၁၄) အမှတ်(၃၅)အကြီးစားစက်ရုံ(ချောက်)၊

(၁၅) အမှတ်(၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်)၊

(၁၆) မှန်ထုတ်လုပ်ရေး(ပုသိမ်)၊

(၁၇) ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)၊

(၁၈) အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)၊

**စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

(၁၉) အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)၊

(၂၀) အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း)၊

(၂၁) အမှတ်(၃)အထည်စက်ရုံခွဲ(စစ်ကိုင်း)၊

(၂၂) အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)၊

(၂၃) အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)၊

(၂၄) အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး)၊

(၂၅) အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ)၊

(၂၆) အမှတ်(၇)အထည်စက်ရုံ(မြစ်သား)၊

(၂၇) အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)၊

(၂၈) အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)၊

(၂၉) အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)၊

(၃၀) အထည်စက်ရုံခွဲ(မြင်းခြံ)၊

(၃၁) အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)၊

(၃၂) သတင်းစာစက္ကူစက်ရုံ(သာပေါင်း)၊

(၃၃) ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)၊

(၃၄) အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၊

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

(၃၅) ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့်ဖြန့်ဖြူးရေးဌာန၊
(၃၆) အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊
(၃၇) အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)၊
(၃၈) အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)၊
(၃၉) အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)၊
(၄၀) အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)၊
(၄၁) အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)၊
(၄၂) အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)၊
(၄၃) အမှတ်(၃)ရေနံဓာတ်ငွေ့ရည်စက်ရုံ(ကျွန်းချောင်း)၊
(၄၄) မက်သနောလ်စက်ရုံ(ဆိပ်သာ)။

( ခ ) **ပြည်တွင်းပြည်ပမှနည်းပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်သင့်သည့်လုပ်ငန်းစီမံကိန်းများ။** အောက်ဖော်ပြပါ လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်နေသည့်နည်းပညာနှင့် အရင်းအနှီးများရရှိစေရန် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအားဖိတ်ခေါ်၍ အကျိုးတူပူးပေါင်းဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(၁) အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်)၊
(၂) အမှတ်(၃၃)အကြီးစားစက်ရုံမီးခံအုတ်ထုတ်လုပ်ရေးဌာန (ကျောက်ဆည်)၊
(၃) အမှတ်(၃၄)အကြီးစားစက်ရုံ(သာယာဝတီ)၊
(၄) အမှတ်(၇)အထည်စက်ရုံ(ဝမ်းတွင်း)။

( ဂ ) **ပြည်ထောင်စုအစိုးရအဖွဲ့မှကြပ်မတ်၍ ဆက်လက်လုပ်ဆောင်သင့်သည့် လုပ်ငန်းစီမံကိန်းများ။** အောက်ဖော်ပြပါ လုပ်ငန်းစီမံကိန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်များဖြစ်ခြင်းကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့က ကြပ်မတ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အထူးအစီအစဉ်များချမှတ်ကာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(၁) မြင်းနှင့်သိုးမွေးမြူရေးစခန်း၊
(၂) ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)။

၄။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ ဖန်ချက်စက်ရုံ(သန်လျင်)အား ကာကွယ်ရေးဝန်ကြီးဌာနသို့လည်းကောင်း၊ အလူမီနီယမ်ဝါယာကြိုးထုတ်လုပ်မှုစက်ရုံ(အင်းတကော်)စက်ရုံအား မြန်မာ့စီးပွားရေးဦးပိုင်သို့လည်းကောင်း လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

၅။ ပြည်ထောင်စုလွှတ်တော်သည် လတ်တလောရပ်ဆိုင်းထားသင့်သည့် လုပ်ငန်းစီမံကိန်းများအတွက် လျာထားသည့် ရင်းနှီးမြှုပ်နှံမှုများကို ငြင်းပယ်ခြင်း၊ ရွှေ့ဆိုင်းခြင်း သို့မဟုတ် လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်တွင်းပြည်ပမှ နည်းပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်သင့်သည့် လုပ်ငန်းစီမံကိန်းနှင့် ပြည်ထောင်စု အစိုးရအဖွဲ့မှ ကြပ်မတ်၍ ဆက်လက်လုပ်ဆောင်သင့်သည့် လုပ်ငန်းစီမံကိန်းအမျိုးအစားနှစ်ရပ်အတွက် လျာထားသည့် ရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုဆောင်ရွက်သင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရ ပါသည်။

၆။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ပြင်ဆင်ချက်အဆိုများနှင့်အညီ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ အပေါ် ပြင်ဆင်ခဲ့သည်များကိုလည်း အတည်ပြုဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်

၇။ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့သည် ထပ်မံစိစစ်သင့်သည့် လုပ်ငန်း စီမံကိန်း(၅၂)ခုအပေါ် ညှိနှိုင်းစိစစ်ခဲ့ပြီးဖြစ်ပါသဖြင့် နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် ပြင်ဆင်ချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၉ နှင့်အညီ ထပ်မံ အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ**

**နောက်ဆက်တွဲ-၁**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနောက်ဆက်တွဲ-၂ပါ နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုလျာထားချက်များနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ငွေလုံးငွေရင်းအသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်အဆိုပြုဇယား**

| စဉ် | မူလဥပဒေကြမ်း နောက်ဆက်တွဲ-၂၏ စာမျက်နှာ | မူလပြဋ္ဌာန်းချက်၊ စီမံကိန်း/ လုပ်ငန်း | | ပြင်ဆင်ဖြည့်စွက်ချက် |
|---|---|---|---|---|
| ၁ | စာမျက်နှာ(၂၃၈) | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | | |
| | | **မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း** | | |
| | | **လုပ်ငန်းများ** | | |
| | | **အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၁၀-၁-၂) | **ရေနံသယ်ယူပို့ဆောင်ရေးဌာန** | **၂၂၄.၀၀၀** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၁၀-၁-၃) | **အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)** | **၁၂၅.၇၄၈** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၁၀-၁-၄) | **အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)** | **၅၀၁.၁၄၉** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၁၀-၁-၅) | **အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)** | **၈၅.၆၃၉** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၁၀-၁-၆) | **ရေနံချက်စက်ရုံ(သန်လျင်)** | **၂၂.၄၄၀** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၁၀-၁-၉) | **ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)** | **၁၇၁.၈၁၃** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၁၀-၂) | **ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂနှင့်ယာဉ်များ** | **၂၁၇.၆၃၅** | ကျပ်သန်း **၁၂.၂၀၀** လျှော့၍ ခွင့်ပြုရန်။ |
| ၂ | စာမျက်နှာ(၂၅၄) | **စက်မှုဝန်ကြီးဌာန** | | |
| | | **ဝန်ကြီးရုံး** | | |
| | | **လုပ်ငန်းများ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၁-၁-၁) | **ဖြည့်စွက်လုပ်ငန်းများ** | **၁၀၈.၅၀၀** | ကျပ်သန်း **၁၀.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၅၅) | **စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန** | | |
| | | **လုပ်ငန်းများ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၂-၁-၁) | **ဖြည့်စွက်လုပ်ငန်းများ** | **၁,၈၆၅.၂၆၃** | ကျပ်သန်း **၃၁.၂၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၅၆) | | | |
| | အမှတ်စဉ်(၂-၁-၂) | **စက်ကိရိယာတန်ဆာပလာများဝယ်ယူတပ်ဆင်ခြင်း** | **၁,၇၀၉.၁၅၆** | ကျပ်သန်း **၂၆၈.၁၉၅** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၂-၂) | **ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့်ယာဉ်များ** | **၄၂.၃၂၆** | ကျပ်သန်း **၁၁.၉၀၀** လျှော့၍ ခွင့်ပြုရန်။ |

**နောက်ဆက်တွဲ-၁**

| စဉ် | မူလဥပဒေကြမ်း နောက်ဆက်တွဲ-၂၏ စာမျက်နှာ | မူလပြဋ္ဌာန်းချက်၊ စီမံကိန်း/ လုပ်ငန်း | | ပြင်ဆင်ဖြည့်စွက်ချက် |
|---|---|---|---|---|
| | စာမျက်နှာ(၂၅၆) | **စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန** | | |
| | | **လုပ်ငန်းများ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၃-၁-၁) | **လုပ်ငန်းသစ်များ** | **၁,၀၈၁.၂၀၅** | ကျပ်သန်း **၇၂.၂၇၀** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၅၇) | | | |
| | အမှတ်စဉ်(၃-၂) | **ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့်ယာဉ်များ** | **၅၂.၃၆၃** | ကျပ်သန်း **၃.၂၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၅၇) | **အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း** | | |
| | | **လုပ်ငန်းစီမံကိန်းများ** | | |
| | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၄-၁-၁-၁) | **အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)** | **၇၆,၀၉၃.၄၈၂** | ကျပ်သန်း **၂၂,၁၈၆.၆၃၈** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၅၉) | | | |
| | အမှတ်စဉ်(၄-၁-၁-၂) | **အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)** | **၁၃,၇၃၅.၃၀၆** | ငြင်းပယ်ရန်။ |
| | စာမျက်နှာ(၂၅၉) | **လုပ်ငန်းများ** | | |
| | | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | အမှတ်စဉ်(၄-၁-၂-၁-၁) | **အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)** | **၁၃၆.၂၂၉** | ကျပ်သန်း **၇၆.၄၈၈** လျှော့၍ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၅၉) | | | |
| | အမှတ်စဉ်(၄-၁-၂-၁-၂) | **အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)** | **၅၀.၅၀၀** | ငြင်းပယ်ရန်။ |
| | စာမျက်နှာ(၂၆၀) | | | |
| | အမှတ်စဉ်(၄-၁-၂-၁-၃) | **အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)** | **၂၂၆.၉၉၁** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၄-၁-၂-၂) | **စက်ကိရိယာတန်ဆာပလာများဝယ်ယူတပ်ဆင်ခြင်း** | **၇၂,၉၀၇.၄၉၁** | ငြင်းပယ်ရန်။ |
| | စာမျက်နှာ(၂၆၀) | **အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း** | | |
| | | **လုပ်ငန်းများ** | | |
| | | **ဖြည့်စွက်လုပ်ငန်းများ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၅-၁-၁-၁) | **အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)** | **၃၈.၀၅၉** | ငြင်းပယ်ရန်။ |

ပြည်ထောင်စုလွှတ်တော်ရုံးက ၆-၃-၂၀၁၇ ရက်တွင် ဖြန့်ဝေသည်။

**နောက်ဆက်တွဲ-၁**

| စဉ် | မူလဥပဒေကြမ်း နောက်ဆက်တွဲ-၂၏ စာမျက်နှာ | မူလပြဋ္ဌာန်းချက်၊ စီမံကိန်း/ လုပ်ငန်း | | ပြင်ဆင်ဖြည့်စွက်ချက် |
|---|---|---|---|---|
| | | | ကျပ်သန်း | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၅-၁-၁-၃) | **အမှတ်(၂၃)အကြီးစားစက်ရုံ(ညောင်ခြေထောက်)** | ၃၀.၀၇၀ | ကျပ်သန်း **၂၃.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၅-၁-၁-၄) | **အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)** | ၅၀.၀၀၀ | ငြင်းပယ်ရန်။ |
| | စာမျက်နှာ(၂၆၁) | | | |
| | အမှတ်စဉ်(၅-၁-၁-၅) | **အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း)** | ၆၉.၄၄၂ | ကျပ်သန်း **၆၂.၅၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၅-၁-၁-၆) | **လုပ်ငန်း(ရုံးချုပ်)** | ၃၆.၀၀၀ | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၅-၁-၁-၈) | **အမှတ်(၃၀)အကြီးစားစက်ရုံ(သရက်)** | ၆၇.၆၂၀ | ကျပ်သန်း **၁၅.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၅-၁-၁-၉) | **အမှတ်(၃၆)အကြီးစားစက်ရုံ၊ မှန်စက်ရုံ(ကျောက်ဆည်)** | ၁၂၀.၄၄၀ | ကျပ်သန်း **၇၅.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၆၁) | | | |
| | အမှတ်စဉ်(၅-၁-၂) | **စက်ကိရိယာတန်ဆာပလာများဝယ်ယူတပ်ဆင်ခြင်း** | ၆၅၂.၀၇၃ | ကျပ်သန်း **၆၀၈.၁၂၃** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၅-၂) | **ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့်ယာဉ်များ** | ၂၉.၄၀၀ | ကျပ်သန်း **၁.၀၅၉** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၆၁) | **အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း** | | |
| | | **လုပ်ငန်းစီမံကိန်းများ** | | |
| | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ကျပ်သန်း | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၆-၁-၁-၁) | **စက်မှုနယ်မြေ(သထုံ)(ယခင်ကော့စတစ်ဆိုဒါစက်ရုံ)** | ၁,၈၄၃.၃၉၀ | ကျပ်သန်း **၁၂၀.၈၀၁** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၆၂) | | | |
| | အမှတ်စဉ်(၆-၁-၁-၂) | **သတင်းစာစက္ကူစက်ရုံ(သာပေါင်း)** | ၈၁၆.၀၃၉ | ကျပ်သန်း **၂၃၅.၁၀၅** လျှော့၍ ခွင့်ပြုရန်။ |
| | | **လုပ်ငန်းများ** | | |
| | | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | အမှတ်စဉ်(၆-၁-၂-၁-၁) | **အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)** | ၁၅၀.၀၀၀ | ငြင်းပယ်ရန်။ |
| | စာမျက်နှာ(၂၆၃) | | | |
| | အမှတ်စဉ်(၆-၁-၂-၁-၂) | **အမှတ်(၃)အထည်စက်ရုံခွဲ(စစ်ကိုင်း)** | ၅.၀၀၀ | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၆-၁-၂-၁-၃) | **အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)** | ၄၂.၁၂၈ | ကျပ်သန်း **၂၂.၁၂၈** လျှော့၍ ခွင့်ပြုရန်။ |

| စဉ် | မူလဥပဒေကြမ်း နောက်ဆက်တွဲ-၂၏ စာမျက်နှာ | မူလပြဋ္ဌာန်းချက်၊ စီမံကိန်း/ လုပ်ငန်း | | ပြင်ဆင်ဖြည့်စွက်ချက် |
|---|---|---|---|---|
| | အမှတ်စဉ်(၆-၁-၂-၁-၄) | **အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး)** | **၄၃.၁၁၅** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၆-၁-၂-၁-၆) | **အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)** | **၈၂.၀၀၀** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၆-၁-၂-၁-၇) | **အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)** | **၄၃.၀၀၀** | ငြင်းပယ်ရန်။ |
| | စာမျက်နှာ(၂၆၄) | | | |
| | အမှတ်စဉ်(၆-၁-၂-၁-၈) | **ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)** | **၃၆.၄၆၇** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၆-၁-၂-၁-၁၀) | **အမှတ်(၇)အထည်စက်ရုံ(မြစ်သား)** | **၂၀.၀၀၀** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၆-၁-၂-၁-၁၁) | **အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)** | **၂၀.၀၀၀** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၆-၁-၂-၁-၁၂) | **အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)** | **၆.၀၀၀** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၆-၁-၂-၁-၁၃) | **အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)** | **၃၇.၁၇၀** | ငြင်းပယ်ရန်။ |
| | အမှတ်စဉ်(၆-၁-၂-၂) | **စက်ကိရိယာတန်ဆာပလာများဝယ်ယူတပ်ဆင်ခြင်း** | **၈,၉၆၁.၁၆၅** | ကျပ်သန်း **၃,၂၂၅.၈၁၆** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၆-၂) | **ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့်ယာဉ်များ** | **၅၈.၀၀၀** | ကျပ်သန်း **၄၆.၃၆၀** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၂၆၅) | **မြန်မာ့ဆေးဝါးလုပ်ငန်း** | | |
| | | **လုပ်ငန်းများ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၇-၁-၂) | **ဖြည့်စွက်လုပ်ငန်းများ** | **၃,၅၃၈.၀၀၀** | ကျပ်သန်း **၁၀၄.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၇-၁-၃) | **လုပ်ငန်းသစ်များ** | **၁,၃၉၅.၈၀၀** | ကျပ်သန်း **၂၅၂.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၇-၁-၄) | **စက်ကိရိယာတန်ဆာပလာများဝယ်ယူတပ်ဆင်ခြင်း** | **၃၀,၀၆၅.၀၅၈** | ကျပ်သန်း **၁,၅၈၆.၇၁၅** လျှော့၍ ခွင့်ပြုရန်။ |

**နောက်ဆက်တွဲ-၂**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနောက်ဆက်တွဲ-၂ပါ နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုလျာထားချက်များနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ငွေလုံးငွေရင်းအသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်အဆိုပြုဇယား**

| စဉ် | မူလဥပဒေကြမ်း နောက်ဆက်တွဲ-၂၏ စာမျက်နှာ | မူလပြဋ္ဌာန်းချက်၊ စီမံကိန်း/ လုပ်ငန်း | | ပြင်ဆင်ဖြည့်စွက်ချက် |
|---|---|---|---|---|
| ၁ | စာမျက်နှာ(၆) | **ပြည်ထောင်စုရှေ့နေချုပ်ရုံး** | | |
| | | **လုပ်ငန်းများ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | | **ဆောင်ရွက်ဆဲလုပ်ငန်းများ** | | |
| | အမှတ်စဉ်(၈-၁-၁-၁) | ရုံးအမိုးအကြီးစားပြင်ခြင်း | ၁၀၀.၀၀၀ | ကျပ်သန်း **၉.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | | **လုပ်ငန်းသစ်များ** | | |
| | | ပြည်ထောင်စုရှေ့နေချုပ်ရုံးဝင်းအတွင်း(၃)ထပ်ဆောင် L ပုံ အဆောက်အဦ(၈၈'x၃၅')+(၅၅'x၃၅') | ၄၂၈.၆၃၀ | ကျပ်သန်း **၂၀၀.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| ၂ | စာမျက်နှာ(၁၃) | **နိုင်ငံခြားရေးဝန်ကြီးဌာန** | | |
| | | **နိုင်ငံခြားရေးရာဦးစီးဌာနများ** | | |
| | | **လုပ်ငန်းများ** | | |
| | | **လုပ်ငန်းသစ်များ** | **ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၂-၁-၁-၃) | နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်ရှိ (၂)ထပ်ရုံး အဆောက်အဦ မီးလိုင်းများ ပြုပြင်ခြင်း | ၅၄.၀၀၀ | ကျပ်သန်း **၂၀.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၁၄) | **အခြား** | | |
| | အမှတ်စဉ်(၂-၁-၂-၁) | မြန်မာ-ထိုင်းနယ်နိမိတ်အား ပြန်လည်တိုင်းတာသည့် အချိန်တွင် နယ်နိမိတ်မှတ်တိုင် စိုက်ထူရန်(၆၀၀)အတွက် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွက် ဦးစားပေး လျာထားခြင်းဖြစ်ပါသည်။ | ၄၀၀.၀၀၀ | ကျပ်သန်း **၁၀၀.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၂-၁-၂-၂) | မြန်မာ-တရုတ်နယ်နိမိတ်မှတ်တိုင်(၄၀၀)ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် နယ်နိမိတ်ကိစ္စနှင့် ပတ်သက်၍ နှစ်ဖက်ဒေသခံများမှ အငြင်းပွားလျက်ရှိသည့် နေရာများနှင့် တတိယအကြိမ် ပူးတွဲစစ်ဆေးရာ၌ လိုအပ်သည့် နေရာများတွင် ဦးစားပေးစိုက်ထူရန် လျာထားခြင်းဖြစ်ပါသည်။ | ၂၀၀.၀၀၀ | ကျပ်သန်း **၁၀၀.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |

**နောက်ဆက်တွဲ-၂**

| စဉ် | မူလဥပဒေကြမ်း နောက်ဆက်တွဲ-၂၏ စာမျက်နှာ | မူလပြဋ္ဌာန်းချက်၊ စီမံကိန်း/ လုပ်ငန်း | ပြင်ဆင်ဖြည့်စွက်ချက် |
|---|---|---|---|
| | အမှတ်စဉ်(၂-၁-၂-၃) | မြန်မာ-အိန္ဒိယနယ်နိမိတ် ထပ်တိုးမှတ်တိုင်(၄၀၀)ခန့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ် အငြင်းပွားလျက်ရှိသည့် နေရာများနှင့် အိန္ဒိယဘက်မှ အဆောက်အဦများ ကျူးကျော်ဆောက်လုပ်သည့် နေရာ များတွင် စိုက်ထူရန် လျာထားခြင်းဖြစ်ပါသည်။ ၂၇၀.၀၀၀ | ကျပ်သန်း **၇၀.၀၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | စာမျက်နှာ(၁၇) | **မြန်မာသံတမန်နှင့် ကောင်စစ်ဝန်အဖွဲ့ရုံးများ**<br>**လုပ်ငန်းများ**<br>**အခြား** | |
| | အမှတ်စဉ်(၃-၁-၃-၁) | မြန်မာသံရုံး၊ မနီလာမြို့မှ Internet Website တည်ထောင်ခြင်း ၁.၂၁၅ | ကျပ်သန်း **၀.၆၀၀** လျှော့၍ ခွင့်ပြုရန်။ |
| | အမှတ်စဉ်(၃-၁-၃-၂) | မြန်မာသံရုံး၊ ဘရာဇီးလျားမြို့မှ Internet Website တည်ထောင်ခြင်း ၀.၈၅၀ | ကျပ်သန်း **၀.၄၀၀** လျှော့၍ ခွင့်ပြုရန်။ |
| ၃ | စာမျက်နှာ(၁၃၄) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**<br>**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**<br>**လုပ်ငန်းစီမံကိန်းများ**<br>**ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ ကျပ်သန်း** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၃-၁-၁-၅) | မြစ်သာရေလှောင်တမံ ၁၄,၃၇၁.၉၇၆ | ငြင်းပယ်ရန်။ |
| | စာမျက်နှာ(၁၄၀) | **စက်မှုလယ်ယာဦးစီးဌာန** | |
| | အမှတ်စဉ်(၅-၁-၁-၁) | **စက်ကိရိယာတန်ဆာပလာများဝယ်ယူတပ်ဆင်ခြင်း ၉၆,၃၄၁.၈၉၈** | ငြင်းပယ်ရန်။ |
| | စာမျက်နှာ(၁၆၄) | **သမဝါယမဦးစီးဌာန**<br>**လုပ်ငန်းများ**<br>**ဆောင်ရွက်ဆဲလုပ်ငန်းများ** | |
| | အမှတ်စဉ်(၁၃-၁-၁-၁) | ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ခြင်း ၃၆၂.၂၉၂<br>(၂၀၄'x၂၀၄') (သန်လျင်) | ငြင်းပယ်ရန်။ |
| ၄ | | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**<br>**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**<br>**လုပ်ငန်းများ**<br>**လုပ်ငန်းသစ်များ** | |
| | စာမျက်နှာ(၃၁၈) | **ရှမ်းပြည်နယ်(တောင်ကြီး)ဝန်ထမ်းအိမ်ရာ ကျပ်သန်း**<br>**နှင့်ဆက်စပ်လုပ်ငန်းများ** | **ဥပဒေကြမ်းပူးပေါင်းကော်မတီ** |
| | အမှတ်စဉ်(၂-၁-၃-၂၅) | လင်းခေးမြို့နယ်၊ လွိုင်ဆေကျေးလက် ၆၃.၀၀၀<br>ကျန်းမာရေးဌာနခွဲ | မူလအတိုင်း အတည်ပြုရန်။ |